# အင်္ဂလန်ခရီး မပြီးသေးပါ (၈)

အရှင်ဥာဏိက

ဇွန်လ ၄ ရက်၊ ၂၀၀၉



ဝင်ဆာရဲတိုက်ကြီးက အင်္ဂလန်ရဲ့ အထင်ကရတွေထဲက တစ်ခု။ အင်္ဂလန်ရဲ့ သမိုင်းနဲ့စပ်လို့ပဲဖြစ်ဖြစ်၊ အုပ်ချုပ်ရေးနဲ့ပဲ နှယ်နှယ်၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာနဲ့ပဲ ပြောပြော၊ ဝင်ဆာဆိုတာကို ချန်လှပ်ထားခဲ့လို့ မရ။ ဝင်ဆာဟာ မဟာနှယ်တွေအဖို့သာ ကြွားဝင့် ဂုဏ်ယူစရာ မဟုတ်။ အင်္ဂလိပ်တို့ရဲ့ လူမျိုးကြီးဝါဒကို သူတို့ရဲ့အာဏာတန်ခိုးထွားခဲ့မှုနဲ့အတူ ပြသလို့ ဂုဏ်ယူစရာတစ်ခုလည်း ဖြစ်လေရဲ့။ ဒီတော့ လန်ဒန်မှာ ဝင်ဆာဟာ အထင်ကရနေရာတစ်ခု ဖြစ်လာတာလည်း မဆန်းပေဘူးပေါ့။

လန်ဒန်ရောက်လျှင် ဝင်ဆာကို သွားရောက်ကာ လည်ပတ်ဖို့ဆိုတာ ကမ္ဘာ့လှည့် ခရီးသွားများရဲ့ အာသီသ။ ပြောခဲ့သလို ကိုယ်လဲကမ္ဘာလှည့် ခရီးသည်တစ်ဦးပဲဟာလေ။ ဒီတော့ ဝင်ဆာဒေသ ခြေ မချပဲ ဘယ်မှာအင်္ဂလန်က ပြန်လှည့်လို့ဖြစ်ပါ့မလဲ။ ဒီတော့ ဝင်ဆာရဲတိုက်ကို ကြွလှန်းခဲ့သပေါ့။ သို့ပေမယ့် ဘုရင်မကြီးကိုယ်တိုင်ထွက်ကာ ကြိုဆိုမှုကိုခံရတဲ့ အထူးဧည့်သည်တစ်ဦးအနေတော့ ဘယ်ဟုတ်ပါ့မလဲ။ ဒါကို မပြောလည်း သင်သိနိုင်ပေမယ့် ဘုရင်မကြီးကိုယ်တိုင် ကြိုဆိုဧည့်ခံတဲ့ နိုင်ငံခြားအထူးဧည့်သည်တော်များ ဗီဒီယိုအပိုင်းအစကို ကြည့်ရှုခဲ့ရရာမှာ ဂျော်ဒန်ဘုရင်တို့လို ဧည့်သည်တွေလည်း တွေ့ခဲ့ရလို့ မှတ်မှတ်သားသားဖြစ်အောင် ထည့်ရေးလိုက်ရတာပါ။

ဒီစာကိုဖတ်နေတဲ့သင်လည်း ဘုရင်မကြီး အဲလီဇဘက်ရဲ့ အထူးကြိုဆိုမှုကို မခံရလျှင်တောင် အိမ်ရှေ့မင်းသား ချားလ်ဘုရင်ဖြစ်လာရင်၊ ဒါမှမဟုတ် အိမ်ရှေ့နန်းလျာလောင်း မင်းသားဝီလျံဘုရင်ဖြစ်လာရင် သူတို့ရဲ့အထူး ကြိုဆိုမှုကို ခံရတဲ့ မဟာအထူးဧည့်သည်တော် ဖြစ်မလာနိုင်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။ တကယ်ပြောနေတာ။ သင်က လူသားပဲဟာ၊ဘယ်အရာမျိုးမဆို ဆန္ဒရှိပါက အမှန်တကယ်ဖြစ်လာနိုင်အောင် လုပ်ယူလို့ ရနိုင်တာပဲဟာ။အင်္ဂလိပ်တွေ ကမ္ဘာကို စိုးမိုးအုပ်ချုပ်ခဲ့တာ သူတို့ရဲ့ထက်သန်ပြင်းပြတဲ့ ဆန္ဒကြောင့်သာပါ။ သင်ရော ဘာလုပ်လိုတဲ့ ဆန္ဒရှိပါသလဲ။ ဘာဖြစ်ချင်တဲ့ဆန္ဒ ရှိပါသလဲ။ သင်ရောက်လိုတဲ့ခရီး ရောက်လုနီးပြီလား။ ကိုယ့်အတွက်တော့ လန်ဒန်ခရီးက မပြီးသေးပါဘူး။ နောက်ပြီး . . . ကိုယ်လိုလားတဲ့ ခရီး၊ လုံးဝ လုံးဝကို မပြီးဆုံးသေးပါဘူး။ နီးရုံမျှပင်လျှင် မနီးနိုင်သေးပါဘူး။ သို့ပေမယ့် ကိုယ်သွားလိုတဲ့ခရီး သိပ်ပြီး အဝေးကြီး ဝေးလွန်းလှတယ်ရယ်လို့တော့ ကိုယ်မထင်မိပါဘူး။

ရဲတိုင်ထဲကိုဝင်ဖို့ လက်မှတ်ဝယ်ရတယ်။ လူကြီးတစ်ဦး ၁၅ ပေါင်။ အသက်အရွယ်ကြီးရင့်သူတွေ၊ ကလေးငယ်တွေနဲ့၊ ကျောင်းသားတွေကိုတော့ အနည်းငယ် လျှော့ပေးပါတယ်။ ကိုယ့်မှာ ကျောင်းသားကဒ်ပါလာလို့ အနည်းငယ် လျှော့ပေးသူထဲ ကိုယ်လဲ ပါတယ်ပေါ့။ လက်မှတ်ဖြတ်ပြီး ရဲတိုက်အတွင်းဝင်ဖို့ ရဲတိုက်မြောင်ဖက်မှာရှိတဲ့ တံခါးပေါက်ရှိရာကို သွားရတယ်။ ဒီတံခါးက ဝင်ဆာရဲ့ အရှေ့မြောက်ထောင့်မှာရှိတဲ့ စတိတ်အပဲ့မင့်များဆီကို ဝင်ရောက်နိုင်တဲ့ ဝင်ပေါက်တစ်ခုလည်းဖြစ်တယ်။ ဒီစတိတ်အပဲ့မင့်များဆိုတဲ့ အဆောင်က သာမန်ခရီးသွားဧည့်သည်တွေကို လေ့လာခွင့်ပြုထားတဲ့ ဝင်ဆာရဲ့အစိတ်အပိုင်းတစ်ခုလည်းဖြစ်တယ်။ ဝင်ဆာကို ခရီးသည်တွေ လေ့လာခွင့်ရတယ်ဆိုပေမယ့် ဝင်

ဆရာရဲ့ တစိတ်တပိုင်းမျှကိုသာလျှင်ပဲ လေ့လာခွင့်ပြုထားပါတယ်။ အဲဒီအစိတ်အပိုင်းအတွင်းမှာကိုပဲ ကြည့်ရှုလေ့လာမယ်ဆိုလျှင် လေ့လာစရာတွေက တပုံတပင်။

သင်က ဘာကို အထူးပြုလေ့လာချင်သူလဲ။ ခမ်းနားတဲ့ ခမ်းမဆောင်ကြီးတွေကိုလား။ လှပပြီး တန်ဖိုးကြီးမားလှတဲ့ အသုံးအဆောင်ပစ္စည်းတွေကိုလား။ ကိုင်ပြီး တို့စမ်းကြည့်ချင်စရာကောင်းလောက်အောင် နူးညံ့ပျော့ပျောင်းဖွယ်ထင်ရတဲ့ ကျောက်ဆစ်ရုပ်ထု အနုလက်ရာတွေကိုလား။ သင်က မာကြောတဲ့နှလုံးသားပိုင်ရှင်မို့ ပန်းချီပန်းပု အနုလက်ရာတွေကို ဝါသနာမထုံဘူးဆိုလျှင်ဖြင့် ကမ္ဘာမှာ အင်္ဂလိပ်တွေတံခိုးထွားနိုင်အောင် အထောက်အပံ့ဖြစ်စေခဲ့တဲ့ ဆန်းဆန်းပြားပြား ဓားလက်နက်မျိုးနဲ့ သေနတ်မျိုးစုံ အဖုံဖုံကိုလည်း အားပါးတရ ကြည့်ရှုနိုင်ပါတယ်။ ဒါမှမဟုတ် ရွှေစင်ပိန်းပိတ် ဖိတ်လက်လှပ အံ့သြတမျှ ဖြစ်ကြရတဲ့ ဘုရင်မရဲ့ ကြွယ်ဝပြည့်စုံမှု အစုစုကိုလား။ သင် ဝါသနာပါရာ လေ့လာစရာ တပုံတပင်ပါ။ ဝင်ဆာရဲ့ အထင်ကရများကြားမှာ မထင်မရှားလေးပြသထားတဲ့ အရာလေးက ကိုယ့်ရင်ကို လာရောက်ထိငြိစေခဲ့တယ်ဆိုတာ သင့်ကို ပြောပြချင်ပါသေးတယ်။ ဒီအကြောင်းက သီးသန့်ပြောမှဖြစ်မှာမို့ ဒီနေရာမှာ ခဏချန်ထားခဲ့မှ ဖြစ်မှာပါ။ ရဲတိုက်အတွင်း ခမ်းမကြီးများရဲ့ အမိုးပြင်မှာ ထင်ထင်ရှားရှား ရေးဆွဲထားတဲ့ ရောင်စုံပန်းချီလက်ရာများက ခေါင်းမော့ကြည့်ရမှုနဲ့ ထိုက်တန်တဲ့အရာများ ဖြစ်မလားပါ။ အထူးသဖြင့် ပန်းချီပန်းပု အနုလက်ရာတို့ရဲ့ ကြွရွလှပလှတဲ့ အနုပညာမြောက်မှုများက ဝင်ဆာကို အလည်တခေါက်ရောက်ခဲ့ရခြင်းအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံကောင်းတစ်ခု ဖြစ်စေနိုင်ခဲ့တယ်လို့ ဆိုရမှာပါ။ ပန်းချီပန်းပုတွေရဲ့ အကြောင်းကို ကောင်းကောင်းကြီး မသိလှပေမယ့် လှပတဲ့အရာတွေရဲ့ အလှကို ပြည့်ပြည့်ဝဝ ခံစားတတ်သလို အံ့ဖွယ်အရာတွေရဲ့ အဆန်းတကြယ်တွေကိုလည်း နားလည်တတ်တဲ့အသိရှိလို့ မှတ်မိသမျှ သင့်ကို ပြန်ပြောပြချင်တာ။ မှတ်မိသမျှလို့သာ ပြောနိုင်မယ်။ ခံစားမိသမျှလို့တော့ ပြောလို့ဖြစ်မယ် မဟုတ်ဘူးပေါ့။ မြင်မိသမျှ၊ မှတ်မိသမျှတွေဟာ ဘယ်မှာလာလို့ ခံစားမိသမျှနဲ့ တစ်ထပ်တည်း ဖြစ်နိုင်ပါ့မလဲ။ မှတ်မိသမျှ ပြောပြတာကပင် သူတို့တွေရဲ့ မူလအလှတန်ဖိုးလေးတွေ လျော့ကျသွားမှာစိုးမိလို့ ပြောဖို့ မဝံ့ ဖြစ်မိပါတယ်။ နောက်ပြီး ကိုယ်မြင်တဲ့အရာတွေက သူတို့ပြမထားတဲ့ အရာတွေသာ ဖြစ်နေတတ်တာများတယ်။

ဒပ်ချ် ပန်းပုကျော် **(Grinling Gibbons-1648 - 1721)**)ဂရင်းလင်း ဂစ်ဘွန်းရဲ့ သစ်သားပန်းပုနဲ့ ပန်းအလှ အနုလက်ရာတွေ၊ ဂျာမန် ပန်းချီပညာရှင် **(Holbein 1497–1543)** ဟော်လ်ဘိန်းရဲ့ အဋ္ဌမြောက် ဘုရင်ဟင်နရီရဲ့ ရုပ်ပုံပန်းချီကားမျိုးလို သမိုင်းဝင်ပန်းချီပုံတူကားတွေ၊ ကမ္ဘာကျော် မိုနာလီဇာ အပြုံးဖန်တီးသခင် အီတလီပညာရှင် **(Leonardo da Vinci 1452 –1519)** လီယိုနာဒို ဒါဗင်ချီရဲ့ ပန်းချီကားတွေကိုလည်း တွေ့ရမှာပါ။ အခြားအခြားသော ကမ္ဘာကျော်တွေဖြစ်တဲ့ **Raphael, Michelangelo, van Dyck, Rubens, Rembrandt and Canaletto** စသူတို့ရဲ့ ထင်ရှားတဲ့ ပန်းချီပန်းပု အနုလက်ရာတွေကိုလည်း မြည်းစမ်းလို့ ရနိုင်မှာပါ။ ဒါပေမယ့် ဒီလို အနုလက်ရာတွေကို သေသေချာချာ ခံစားလေ့လာချင်တယ်ဆိုလျှင်တော့ ဒီနေရာဒီဒေသကို သင်တစ်ဦးတည်းပဲ ဖြစ်ဖြစ်၊ သင့်လိုဝါသနာတူ တစ်ဦးဦးနဲ့ပဲဖြစ်ဖြစ် သွားဖြစ်စေဖို့ကိုတော့ အကြံပြုစကား ပါးချင်ပါတယ်။

အနုလက်ရာတွေဆိုတာ ဝါသနာပါသူတို့အတွက်သာ ရတနာ ဖြစ်ကောင်းတာပါ။ သာမန်သူတွေအဖို့ ဒီအရာတွေက ခံစားနားလည်နိုင်ဖို့ ခက်ခဲနေမလားပါ။ လွန်ခဲ့တဲ့ နှစ် ၂၀ နီးပါးက ပုဂံခရီးကို ကိုယ်တစ်ယောက်တည်း သွားခဲ့စဉ်က ပုဂံဆိုင်ရာစာအုပ်စာတမ်းတွေ တပွေ့တပိုက်နဲ့ သက်ဆိုင်ရာ ဂူဘုရားတွေအပေါ် တက်လို့ရနိုင်သမျှအထိတက်ပြီး ပါလာတဲ့စာအုပ်ကို သက်ဆိုင်ရာ ဂူဘုရားပေါ် ကျကျနနထိုင်ကာ ဖတ်ခဲ့ဘူးတဲ့ အတွေ့အကြုံကို ခုတိုင် အောင့်မေ့အမှတ်ရနေဆဲပါ။ အဲဒီတုံးက ဖတ်ခဲ့တဲ့ ဆရာဇော်ဂျီရဲ့ ရသစာပေနိဒါန်းနဲ့ ရသစာပေအဖွင့်စာအုပ်ထဲက ရွှေစည်းခုံဘုရားကြီး ဝဝဖြိုးဖြိုး ဖြစ်နေခြင်းဟာ ထိုခေတ်ပုဂံက ပုဂံသူပုဂံသားတွေဟာ ဆန်ရေစပါးပေါများ၊ တိုင်းပြည်လည်း အေးချမ်းသာယာရှိဟန်ကို ဖော်ပြနေတယ်လို့ ဆိုနိုင်တန်ကောင်းရဲ့ဆိုတဲ့ ကောက်ချက်ဆွဲပြမှုမျိုး။ မနုဟာ ဘုရားရဲ့ လိုင်ကျဉ်းကျဉ်းထဲမှာ ရုပ်ပွားတော်ကြီးကြီးကိုထည့်ကာ တည်ထားကိုးကွယ်ခြင်းကတော့ သထုံကနေ သုံ့ပန်းအဖြစ်

ခေါ်လာတဲ့ မနုဟာမင်းဟာ ပုဂံမှာ အကျဉ်းစံဘဝနဲ့ မပျော်နိုင်ပဲ ကျပ်ကျပ်တည်းတည်းရှိဟန်ကို ဖော်ပြနေတယ်လို့ ယူသော် ရတနာကောင်း၏ လို့ သုံးသပ်ပြတာမျိုးကိုလည်း ပြန်လည်လို့ သတိရမိပါတယ်။

ခုလို ဝင်ဆာရဲတိုက်ကြီးအတွင်းက တော်ဝင်တွေရဲ့ ရွှေပိန်းပိတ်ချ ခမ်းမကြီးများထဲမှာ လက်ရာမြောက်လှတဲ့ ပန်းချီ ပန်းပု အနုလက်ရာတွေနဲ့ ခမ်းနားထယ်ဝါလှတဲ့ မြင်ကွင်းမျိုးကို ဆရာဇော်ဂျီတွေ့မြင်မိလျှင် အဌမမြောက် ဟင်နရီ တို့ခေတ်၊ ဝိတိုရိယ ဘုရင်မတို့ခေတ် အဲဒီခေတ်တွေကို ဘယ်လိုများ သုံးသပ်ကာ ကောက်ချက်ဆွဲပြလေမလဲလို့ လည်း တွေးနေမိခဲ့ပါသေးတယ်။ ဝင်ဆာအတွင်းက အမိုးပန်းချီများနဲ့ အဖိုးတန်လက်ရာများကတော့ အကောင်းပက တိအတိုင်း ရှိနေဆဲ။ ထိန်းသိမ်းထားမှုအနေအထားအရ နောင်လည်း နှစ်ပေါင်းများစွာ မပျက်မစီး ရှိနေဦးမှာပဲလို့ လည်း ထင်မြင်မိပါတယ်။ ဝင်ဆာရှိ ပန်းချီများနဲ့ ပုဂံက ဂူဘုရားတွေရဲ့ နံရံဆေးရေးပန်းချီကားတွေ အနေအထား နှစ်ခုကို နှိုင်းယှဉ်လို့ စဉ်းစားမိတော့ ပုဂံနံရံဆေးရေးပန်းချီကားများရဲ့ အသွင်က ကိုယ့်စိတ်အာရုံထဲကနေ တဖြေး ဖြေးနဲ့ မှုန်ဝါးကာ ပျောက်ကွယ်လို့သွားတယ်။ သမိုင်းဆရာကြီး ဒေါက်တာသန်းထွန်း ပြောခဲ့ဘူးတယ်ဆိုတဲ့ ‘သမိုင်း လက်ရာတွေကို ဖျက်ဆီးသူတွေဟာ သဒ္ဓါတရားကောင်းမွန်တဲ့ ဘုရားဂေါပကလူကြီးတွေနဲ့ ဘုန်းတော်ကြီးတွေ ဖြစ် တယ်’ ဆိုတဲ့ စကားက ကိုယ့်ခေါင်းထဲ အတင်းတိုးကာ သူ့အလိုလို ဝင်ရောက်လာတယ်။ ဘုရားရေ။ မြန်မာ့သမိုင်း အလှ ဖျက်ဆီးကြတဲ့ တရားခံတွေထဲမှာ ကိုယ်ကိုယ်တိုင်များ ပါဝင်လို့နေရော့သလား။




ဒီခေါင်းလောင်းလေးက ကိုယ်တို့မြန်မာနိုင်ငံကလေ။ ဝင်ဆာရဲတိုက်ကြီးသို့အဝင် မြောက်ဖက်အပြင် ရဲတိုက်နံရံခြေမှာ ပြသထားတဲ့ သမိုင်းဝင် အရာလေးပေ့ါ။ ခေါင်းလောင်းလေးရဲ့အောက်ခံခုံမှာ မန္တလေး၊ ၁၈၈၇ ဆိုတဲ့ ကမ္ပည်းထိုးထားလို့။ ခေါင်းလောင်းလေးအနီးမှာလည်း သီပေါခေတ် မြန်မာတို့ရဲ့ အမြောက်ဟောင်း တစ်ခုကို ယှဉ်တွဲကာထားရဲ့။ အင်္ဂလိပ်တို့ရဲ့ မြန်မာ့အပေါ် အောင်နိုင်မှုကို ဂုဏ် ယူဝင့်ကြွားလိုလို့လား။ သမိုင်းတန်ဖိုးထားလိုမှုကို ပြသလိုလို့လေလား။ ဘယ် လိုအကြောင်းနဲ့ ခုလို တခုတ်တရ ပြသထားတယ်တော့ မသိပါဘူး။ ကိုယ့်ရင် တွင်းမှာတော့ အတတ်ပညာ မကြွယ်ဝခဲ့မှုကြောင့် ကိုယ့်ထီးကိုယ့်နန်း ဆုံးရှုံးခဲ့ရ ခြင်းဆိုတဲ့အကြောင်းတွေနဲ့ ခုတိုင်လည်းပဲ အသိပညာလည်း နောက်ကျ၊ အတတ်ပညာလည်း မဖွံ့ဖြိုးတဲ့ အဆင့်သာရှိနေသေးတဲ့ အကြောင်းတွေကို အောင့်မေ့သတိရပြီး ဝမ်းနည်းနာကျည်းစိတ် ဝင်လာမိတယ်။ သေချာပါတယ်။ အတိတ်ကို အပြစ်ပုံချဖို့ ဝါသနာမထုံတဲ့ ကိုယ့်ရဲ့ဝမ်းနည်းနာကျည်းမှုဟာ ကိုယ့် နိုင်ငံကို အရှင်သခင်လုပ်ကာ အုပ်ချုပ်သွားခဲ့ကြတဲ့ လွန်လေပြီးသော ဆယ်စုနှစ်များစွာဆီက ကိုလိုနီနယ်ချဲ့ဆိုတဲ့ အင်္ဂလိပ်တွေချည်းဆီကိုသာ မဟုတ်ဘူးဆိုတာ။ ။

